# ဗဟိုစည်းရုံးရေးကော်မတီဗမာပြည်ကွန်မြူနစ်ပါတီ

**CENTRAL ORGANIZING COMMITTEE, COMMUNIST PARTY OF BURMA**

သို့

PLA ( ပြည်သူ့လွတ်မြောက်ရေးတပ်မတော်) တပ်မှူးတပ်သားများ

၁။ စစ်ရေးနဲ့ ပတ်သက်ပြီး ရတောင့်ရခဲ အတွေ့အကြုံတွေ ရဲဘော်တို့တတွေ ရရှိနေကြပြီ ဖြစ်တယ်။ တပ်ပေါင်းစုအတွေ့အကြုံ စစ်ဆင်ရေးအတွေ့အကြုံ လူထုဆက်ဆံရေး အတွေ့အကြုံတွေကိုပါ ရရှိခဲ့ကြတာလည်း ဖြစ်တယ်။ ဒါ့အပြင် ဒီသိန္နီတိုက်ပွဲဟာ PLA ရဲ့ အလှည့်အပြောင်း အချိုးအကွေ့တခုအဖြစ် မှတ်တမ်းဝင်သွားပါလိမ့်မယ်။

၂။ ပြည်သူတွေနဲ့ ပြည်တွင်းစစ်မျက်နှာအသီးသီးရှိ PLA ရဲဘော်များ မဟာမိတ်တိုက်ဖော်တိုက်ဖက်များ မိတ်ဆွေများက ဒီတိုက်ပွဲကို မျက်စိဒေါက်ထောက် ကြည့်နေကြတာ ဖြစ်တယ်။ ညီနောင်သုံးဖွဲ့နဲ့တကွ အတူလက်တွဲတိုက်ပွဲဝင်ခဲ့ကြတဲ့ တိုက်ဖော်တိုက်ဖက် အဖွဲ့အစည်းများကိုလည်း ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

ခု ရဲဘော်တို့ဟာ အရေးကြီးတဲ့ အောင်ပွဲတခုကို အရယူပေးခဲ့ကြပြီ။ ဒါပေမဲ့ လက်ရှိနယ်စပ်ဒေသအောင်ပွဲမှာပဲ ကျေနပ်တင်းတိမ်မနေဘဲ ရှေ့လာမယ့်တိုက်ပွဲများအတွက်လည်း ကြိုတင်ပြင်ဆင်ထားကြဖို့ လိုကြောင်း သတိပေးလိုတယ်။

၃။ ရဲဘော်တို့ အောက်ဘက်ကို ဆင်းတဲ့အခါ ရင်ကော့ပြီး ဝံ့ဝံ့ကြွားကြွား ဆင်းနိုင်ကြတော့မယ်။ ပြည်တွင်း စစ်မြေပြင်အသီးသီးက PLA ရဲဘော်တွေ ကေဒါတွေ ပါတီဝင်တွေက အားကျဂုဏ်ယူခြင်းကို ခံကြရတော့မယ်။ ဒီတိုက်ပွဲအတွေ့အကြုံနဲ့ အောက်ကရဲဘော်များရဲ့ အတုယူဖွယ်အတွေ့အကြုံများ ပေါင်းစပ်ပြီးတိုက်နိုင်ရင် ရှေ့မှာ ဒါ့ထက်ကြီးမားတဲ့အောင်မြင်မှုများ ရပါလိမ့်မယ်။

၄။ ဒီတိုက်ပွဲတလျှောက် ပါတီဗဟိုက မျက်ခြည်မပြတ်စောင့်ကြည့်ပြီး ရဲဘော်တို့နဲ့အတူ စီးမျောနေခဲ့တာ ဖြစ်တယ်။ တနည်းပြောရရင် ဂုဏ်ယူမှတ်တမ်းတင်နေခဲ့တာ ဖြစ်တယ်။ ထူးခြားစွာ စွမ်းဆောင်ခဲ့ကြတဲ့ တပ်ဖွဲ့တွေ ပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့ကြတဲ့ ရဲဘော်တွေရဲ့ နာမည်နဲ့ စွမ်းဆောင်ချက်တွေကိုလည်း ရလိုပါတယ်။
PLA စထူထောင်ဖို့ လုံးပန်းခဲ့ကြတဲ့ရဲဘော်တွေ၊ ဒီနောက် ဒေသအသီးသီးမှာ PLA အလံလွှင့်ထူနိုင်ဖို့ တိုက်ပွဲဝင်ရင်း အသက်ပေးခဲ့ကြ၊ လုံးပန်းနေကြတဲ့ ရဲဘော်တွေအားလုံးကိုလည်း ဂုဏ်ပြုလိုက်ပါကြောင်း။

အလေးနီဖြင့်-

ပါတီဗဟို

(ဗမာပြည်ကွန်မြူနစ်ပါတီ)

၂၀၂၄ ခု၊ ဇန်နဝါရီလ ၈ ရက်